ကာကွယ်ရေးဝန်ကြီးဌာန

စစ်ရေးသတင်းအကျဉ်းချုပ်

Date -16/4/2022

စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

ကရင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၄)ရက်နေ့ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ လေ့ကေ့ကော်မြို့သစ်အနီး ကော်ဘရာ စစ်ကြောင်းမှ လုံခြုံရေးရယူထားသည့် တောင်ကုန်းများအပေါ်သို့ စကစ တပ်မ ၇၇ မှ ကျူးကျော်ရန် ကြိုးစားလာခဲ့ပြီး နှစ်ဖက်ထိတွေ့တိုက်ပွဲ ပြင်းထန်စွာဖြစ်ပွားခဲ့ရာ စကစမှ အမြောက်လက်နက်ကြီးများ တရစပ်ပစ်ခတ်ပစ်ကူပေးခဲ့သော်လည်း ကော်ဘရာစစ်သည်များ ထိခိုက်၊ ကျဆုံးမရှိဘဲ ပြန်လည်တိုက်ခိုက်မှုကြောင့် စကစ တပ်များ အထိအခိုက်အကျအဆုံး များပြား၍ ပြန်လည်ဆုတ်ခွာသွားကာ စကစ၏ ထိခိုက်သေဆုံးမှု ပမာဏကို အတည်မပြုနိုင်သော်လည်း စကစတပ်၏ စစ်အသုံးအဆောင်များနှင့် ကျည်ဆန်များအား သိမ်းဆည်းရမိခဲ့သည်။

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၅)ရက်နေ့ စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ ပျဉ်ထောင်ကျေးရွာ၌ စခန်းချထားသော စကစ တပ်သား၊ ပျူစောထီးများနှင့် ဒေသခံပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များ ၊ ARF ၊ ခင်ဦးမြို့နယ်၊ ပြည်သူကာကွယ်ရေးအဖွဲ့တို့ ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၆)ရက်နေ့ စစ်ကိုင်းတိုင်း၊ မင်းကင်းမြို့နယ်၊ တောင်တွင်းဒေသ၊ ကျော်ကျေးရွာရှိ စကစ တပ်သား (၇၀) ခန့်နှင့် TDPDF တို့ တိုက်ပွဲပြင်းထန်စွာဖြစ်ပွားခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၆)ရက်နေ့ စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ်၊ ဘန့်ဘွေးကျေးရွာ၌ စကစ တပ်သား များကို CGYDF ၊ Yinmarbin Local PDF ၊ Triple Two ၊ MTOF ၊ Alpha Special Force တို့မှ Drone ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့သည်။

မကွေးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၄)ရက်နေ့ မကွေးတိုင်း၊ ပခုက္ကူမြို့နယ်ရှိ ပခုက္ကူနည်းပညာ တက္ကသိုလ်အနီး တပ်စွဲထားသော စကစကင်းစခန်းကို မြိုင်ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့၊ ပူးပေါင်းမဟာမိတ်အဖွဲ့များမှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး စကစတပ်သား (၅) ဦး သေဆုံးသွားခဲ့သည်။

မြေပြင်သတင်းတာဝန်ခံများနှင့် သတင်းဌာနများမှ ဖော်ပြလာသော အချက်အလက်များအပေါ် အခြေခံပြုစုထားသည်။

စစ်ကောင်စီကျူးလွန်သော ရာဇဝတ်မှုများ

ကရင်နီ(ကယား)ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၆)ရက်နေ့၊ ကရင်နီ(ကယား)ပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ဒေါမူကလားကျေးရွာတွင် စကစတပ်မှ (၇) နှစ်အရွယ် ကလေးငယ် (ယောကျ်ားလေး) ၁ ဦး ကို သေနတ်ဖြင့် အကြမ်းဖက် ပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၆)ရက်နေ့၊ ကရင်နီ(ကယား)ပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ ဒေါမူကလား ကျေးရွာတွင် စကစ မှ အကြောင်းမဲ့ ပစ်ခတ်လိုက်သော လက်နက်ကြီး (၄) လုံး ကျရောက်မှု ကြောင့် နေအိမ် (၁) လုံး ထိခိုက်ပျက်စီးသွားကြောင်း သိရသည်။

ချင်းပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၅)ရက်နေ့၊ ချင်းပြည်နယ်၊ မင်းတပ်မြို့နယ်၊ မယ်လယ်ကုန်းနှင့် လှော်ဝကျေးရွာ အနီးတဝိုက်ကို စကစ၏ ကျောက်ထု အမြောက်တပ်မှ လက်နက်ကြီးဖြင့် ပစ်ခတ်ရာ လှော်ဝကျေးရွာမှ လူနေအိမ် (၇) လုံးနှင့် ဘုန်းကြီးကျောင်း (၁) ကျောင်း ပျက်စီးသွားခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၅)ရက်နေ့၊ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ Valangရွာမှ စပါးကျီ (၂) ခုကို စကစတပ်မှ မီးရှို့ဖျက်ဆီးခဲ့ကြပြီး စပါးကျီထဲမှ စုဆောင်းထားသော စပါးများ မီးလောင် ပျက်ဆီးသွားကြောင်း သိရသည်။

စစ်ကိုင်းတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၅)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ကျွန်းလှမြို့နယ်၊ ဝေလမူကျေးရွာအား စကစ တပ်သားများ ဝင်ရောက်ခဲ့ပြီး ပြည်သူ့နေအိမ် (၂၅) လုံးခန့်အား မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

မကွေးတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၁၄)ရက်နေ့၊ မကွေးတိုင်း၊ ပေါက်မြို့နယ်၊ တံစူးရွာမှ စစ်ဘေး ပုန်းရှောင်နေစဥ် စကစ တပ်သားများ၏ လက်နက်ကြီးဖြင့် ပစ်ခက်သဖြင့် ပြည်သူ ၉ ဦးသေဆုံးသွားခဲ့ကြောင်း သိရသည်။